# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၉ - ဣဒ္ဓိပါဒဝိဘင်္ဂ

## (ဣဒ္ဓိပါဒ်လေးပါးတို့ကို ဝေဖန်၍ပြသော ဝိဘင်း)

**၁ - သုတ္တန္တဘာဇနီယနည်း** (သုတ္တန်နည်းဖြင့် ဝေဖန်၍ဟောကြားသောနည်း)

ဣဒ္ဓိပါဒ် လေးပါးတို့ကား-

(၁) ဆန္ဒိဒ္ဓိပါဒ် (၃) စိတ္တိဒ္ဓိပါဒ်

(၂) ဝီရိယိဒ္ဓိပါဒ် (၄) ဝီမံသိဒ္ဓိပါဒ်

**ဣဒ္ဓိပါဒ်လေးပါးအကျယ်**

(၁) ဆန္ဒိဒ္ဓိပါဒ် (၃) စိတ္တိဒ္ဓိပါဒ်

(၂) ဝီရိယိဒ္ဓိပါဒ် (၄) ဝီမံသိဒ္ဓိပါဒ်

**၂ - အဘိဓမ္မဘာဇနီယနည်း** (အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ဟောကြားသောနည်း)

**ဣဒ္ဓိပါဒ်လေးပါးအကျဉ်း** (တန်ခိုးကြီးကြောင်းတရားလေးပါး)

**ဣဒ္ဓိပါဒ်လေးပါးအကျယ်**

(၁) ဆန္ဒိဒ္ဓိပါဒ် (၃) စိတ္တိဒ္ဓိပါဒ်

(၂) ဝီရိယိဒ္ဓိပါဒ် (၄) ဝီမံသိဒ္ဓိပါဒ်

**တစ်နည်း ဣဒ္ဓိပါဒ်လေးပါး**

(၁) ဆန္ဒိဒ္ဓိပါဒ် (၃) စိတ္တိဒ္ဓိပါဒ်

(၂) ဝီရိယိဒ္ဓိပါဒ် (၄) ဝီမံသိဒ္ဓိပါဒ်

# ၉ - ဣက္ခိပါဒဝိဘင်္ဂ

၃ - ပဥှာပုစ္ဆကနည်း (အမေးအဖြေပြု၍ ဟောကြားသောနည်း)

ဣက္ခိပါဒ်လေးပါး

ဣက္ခိပါဒ်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

တိက်၂၂-ပါးတို့ဖြင့် ဝေဖန်၍အမေးပုစ္ဆာကို ပြခြင်း

(၁) ကုသလတိက်အမေးပုစ္ဆာ

(၁၀၀) သရဏဒုက်အမေးပုစ္ဆာ

ဣက္ခိပါဒ်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

တိက် ၂၂-ပါးတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

(၁) ကုသလတိက်အဖြေ
(၂) ဝေဒနာတိက်အဖြေ
(၃) ဝိပါကတိက်အဖြေ
(၄) ဥပါဒိန္နတိက်အဖြေ
(၅) သံကိလိဋ္ဌတိက်အဖြေ
(၆) ဝိတက္ကတိက်အဖြေ
(၇) ပီတိတိက်အဖြေ
(၈) ဒဿနတိက်အဖြေ
(၉) ဒဿနဟေတုတိက်အဖြေ
(၁၀) အာစယဂါမိတိက်အဖြေ
(၁၁) သေက္ခတိက်အဖြေ
(၁၂) ပရိတ္တတိက်အဖြေ
(၁၃) ပရိတ္တာရမ္မဏတိက်အဖြေ
(၁၄) ဟီနတိက်အဖြေ
(၁၅) မိစ္ဆတ္တတိက်အဖြေ
(၁၆) မဂ္ဂါရမ္မဏတိက်အဖြေ
(၁၇) ဥပ္ပန္နတိက်အဖြေ
(၁၈) အတီတတိက်အဖြေ
(၁၉) အတီတာရမ္မဏတိက်အဖြေ (တိက်မှတ်)
(၂၀) အဇ္ဈတ္တတိက်အဖြေ
(၂၁) အဇ္ဈတ္တာရမ္မဏတိက်အဖြေ
(၂၂) သနိဒဿနတိက်အဖြေ

# ၉ - ဣန္ဒြိယပါဒဝိဘင်္ဂ

ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

ဟေတုဂေါစ္ဆကအဖြေဝိသဇ္ဇနာ

(၁) ဟေတုဒုက်

(၂) သဟေတုကဒုက်

(၃) ဟေတုသမ္ပယုတ္တဒုက်

(၄) ဟေတုသဟေတုကဒုက်

(၅) ဟေတုဟေတုသမ္ပယုတ္တဒုက်

(၆) နဟေတုသဟေတုကဒုက်

စူဠန္တရဒုက်အဖြေဝိသဇ္ဇနာ

(၇) သပ္ပစ္စယဒုက်

(၈) သင်္ခတဒုက်

(၉) သနိဒဿနဒုက်

(၁၀) သပ္ပဋိဃဒုက်

(၁၁) ရူပီဒုက်

(၁၂) လောကိယာဒုက်

(၁၃) ကေနစိဝိညေယျဒုက်

အာသဝဂေါစ္ဆကအဖြေဝိသဇ္ဇနာ

(၁၄) အာသဝဒုက်

(၁၅) သာသဝဒုက်

(၁၆) အာသဝသမ္ပယုတ္တဒုက်

(၁၇) အာသဝသာသဝဒုက် (ဒုက်မုတ်)

(၁၈) အာသဝအာသဝသမ္ပယုတ္တဒုက် (ဒုက်မုတ်)

(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်

သံယောဇနဂေါစ္ဆကအဖြေ

(၂၀-၂၅) သံယောဇနဒုက်

ဂန္ထဂေါစ္ဆကအဖြေ

(၂၆-၃၁) ဂန္ထဒုက်

ဩဃဂေါစ္ဆကအဖြေ

(၃၂-၃၇) ဩဃဒုက်

ယောဂဂေါစ္ဆကအဖြေ

(၃၈-၄၃) ယောဂဒုက်

နီဝရဏဂေါစ္ဆကအဖြေ

(၄၄-၄၉) နီဝရဏဒုက်

ပရာမာသဂေါစ္ဆကအဖြေ

(၅၀-၅၄) ပရာမာသဒုက်

# ၉ - ဣန္ဒြိယပါဒဝိဘင်္ဂ

ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

မဟန္တရဒုက်အဖြေ

(၅၅) သာရမ္မဏဒုက်
(၅၆) စိတ္တဒုက်
(၅၇) စေတသိကဒုက်
(၅၈) စိတ္တသမ္ပယုတ္တဒုက်
(၅၉) စိတ္တသံသဋ္ဌဒုက်
(၆၀) စိတ္တသမုဋ္ဌာနဒုက်
(၆၁) စိတ္တသဟဘုဒုက်
(၆၂) စိတ္တာနုပရိဝတ္တိဒုက်
(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်
(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်
(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနနုပရိဝတ္တိဒုက်
(၆၆) အဇ္ဈတ္တိကဒုက်
(၆၇) ဥပါဒါဒုက်
(၆၈) ဥပါဒိန္နဒုက်

ဥပါဒါနဂေါစ္ဆကအဖြေ

(၆၉-၇၄) ဥပါဒါနဒုက်

ကိလေသဂေါစ္ဆကအဖြေ

(၇၅-၈၂) ကိလေသဒုက်

ပိဋ္ဌိဒုက်အဖြေ

(၈၃) ဒဿနေနပဟာတဗ္ဗဒုက်
(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်
(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်
(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်
(၈၇) သဝိတက္ကဒုက်
(၈၈) သဝိစာရဒုက်
(၈၉) သပ္ပီတိကဒုက်
(၉၀) ပီတိသဟဂတဒုက်
(၉၁) သုခသဟဂတဒုက်
(၉၂) ဥပေက္ခာသဟဂတဒုက်
(၉၃) ကာမာဝစရဒုက်
(၉၄) ရူပါဝစရဒုက်
(၉၅) အရူပါဝစရဒုက်
(၉၆) ပရိယာပန္နဒုက်
(၉၇) နိယျာနိကဒုက်
(၉၈) နိယတဒုက်
(၉၉) သဥတ္တရဒုက်
(၁၀၀) သရဏဒုက်

ဣန္ဒြိယပါဒ်လေးပါးတို့ကို ဝေဖန်၍ ပြသော

ဣန္ဒြိယပါဒဝိဘင်း မာတိကာ ပြီးပြီ။

# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၉ - ဣဒ္ဓိပါဒဝိဘင်္ဂ

## (ဣဒ္ဓိပါဒ်လေးပါးတို့ကို ဝေဖန်၍ပြသော ဝိဘင်း)

## ၁ - သုတ္တန္တဘာဇနီယနည်း

## (သုတ္တန်နည်းဖြင့် ဝေဖန်၍ဟောကြားသောနည်း)

၄၃၁။ တန်ခိုးကြီးကြောင်းတရား 'ဣဒ္ဓိပါဒ်' လေးပါးတို့ကား-

### (၁) ဆန္ဒိဒ္ဓိပါဒ်

ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကြီးမှုးသော သမာဓိ, သမ္မပ္ပဓာန် ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။

### (၂) ဝီရိယိဒ္ဓိပါဒ်

ဝီရိယကြီးမှုးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။

### (၃) စိတ္တိဒ္ဓိပါဒ်

စိတ်ကြီးမှုးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။

### (၄) ဝိမံသိဒ္ဓိပါဒ်

ပညာကြီးမှုးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။

------

# ဣဒ္ဓိပါဒဝိဘင်္ဂ

## ဣဒ္ဓိပါဒ်လေးပါးအကျယ်

### (၁) ဆန္ဒိဒ္ဓိပါဒ်

၄၃၂။ အဘယ်သို့လျှင် ရဟန်းသည် ဆန္ဒကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်' ကို ပွါးများသနည်း။

ရဟန်းသည် ဆန္ဒကို အကြီးအမှူးပြု၍ တည်ကြည်မှု သမာဓိကို အကယ်၍ ရအံ့၊ စိတ်၏ တစ်ခု တည်းသော အာရုံ ရှိသည်၏ အဖြစ်ကို အကယ်၍ ရအံ့၊ ဤသဘောကို ဆန္ဒကြီးမှူးသော သမာဓိဟု ဆိုအပ်၏။

ထိုရဟန်းသည် မဖြစ်သေးသော အကုသိုလ် အယုတ်တရားတို့ကို မဖြစ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏၊ ဖြစ်ပြီးသော (မဖြစ်တော့ဟု မဆိုနိုင်သော) အကုသိုလ် အယုတ်တရားတို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏။ မဖြစ်ဖူးသေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏။ ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်တံ့ရန် မပျောက်ပျက်ရန် များစွာ ဖြစ်ပွါးရန် ပြန့်ပြောရန် တိုးပွါးရန် ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏။ ဤတရားတို့ကို သမ္မပ္ပဓာန်ကိစ္စ တပ်သော ဝီရိယဟု ဆိုအပ်ကုန်၏။ ဤသို့ ဤဆန္ဒကြီးမှူးသော သမာဓိကို လည်းကောင်း၊ သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယတို့ကို လည်းကောင်း တစ်ပေါင်းတည်းပေါင်း၍ အကျဉ်းချုံး၍ ဆန္ဒကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန် ကိစ္စတပ်သော ဝီရိယ ဟူ၍ သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

၄၃၃။ ထိုတရားတို့တွင် အဘယ်သည် ဆန္ဒ မည်သနည်း။

အကြင် လိုလားမှု 'ဆန္ဒ'၊ လိုလားသည်၏ အဖြစ် 'ဆန္ဒိကတာ'၊ ပြုလိုသည်၏ အဖြစ် 'ကတ္တုကမျတာ'၊ ကုသိုလ်တရားတို့ကို လိုလားမှု 'ကုသလဓမ္မစ္ဆန္ဒ' သည် ရှိ၏။ ဤသဘောကို ဆန္ဒဟု ဆိုအပ်၏။

ထိုတရားတို့တွင် အဘယ်သည် တည်ကြည်မှု 'သမာဓိ' မည်သနည်း။

အကြင် စိတ်၏ (အာရုံ၌) တည်နေမှု 'ဌိတိ'၊ ကောင်းစွာ တည်နေမှု 'သဏ္ဌိတိ'၊ သက်ဝင်၍ တည်နေမှု 'အဝဋ္ဌိတိ'၊ မရွေ့ရှားမှု 'အဝိသာဟာရ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ'၊ မရွေ့ရှားသော စိတ်ရှိသည်၏ အဖြစ် 'အဝိသာဟဋ မာနသတာ'၊ ငြိမ်သက်မှု 'သမထ'၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'၊ မဖောက်မပြန် ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' သည် ရှိ၏၊ ဤသဘောကို တည်ကြည်မှု 'သမာဓိ' ဟု ဆိုအပ်၏။

ထိုတရားတို့တွင် အဘယ်သည် သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယ မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော အားထုတ်မှု 'ဝီရိယာရမ္ဘ'၊ ပျင်းရိခြင်းမှ ထွက်မြောက်မှု 'နိက္ကမ'၊ အဆင့်ဆင့် တိုးတက်အားထုတ်မှု 'ပရက္ကမ'၊ အထက်တန်းရောက်အောင် ကြိုးပမ်းမှု 'ဥယျာမ'၊ လုံ့လစိုက်မှု 'ဝါယာမ'၊ ဆင်းရဲကို သည်းခံမှု 'ဥဿာဟ'၊ အပြင်းအထန် ကြိုးစားမှု 'ဥဿောဠှီ'၊ ခိုင်မြဲမှု 'ထာမ'၊ ဆောင်ထားမှု 'ဓိတိ'၊ မလျော့သော လုံ့လရှိခြင်း 'အသိထိလပရက္ကမတာ'၊ မချသော ဆန္ဒရှိခြင်း 'အနိက္ခိတ္တဆန္ဒတာ'၊ မချသော ဝန်ရှိခြင်း 'အနိက္ခိတ္တဓုရတာ'၊ တာဝန်ကို ကောင်းစွာ ထမ်းဆောင်မှု 'ဓုရသမ္ပဂ္ဂါဟ'၊ ရဲရင့်သည်၏ အဖြစ် 'ဝီရိယ'၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'၊ မတုန်မလှုပ် အားထုတ်မှု 'ဝီရိယဗိုလ်'၊ ကောင်းစွာ အားထုတ်မှု သမ္မာဝါယာမ' သည် ရှိ၏။ ဤသဘောကို သမ္မပ္ပဓာန်ကိစ္စ

တပ်သော ဝီရိယဟု ဆိုအပ်၏။ ဤသို့ ဤလိုလားမှု ဆန္ဒနှင့် လည်းကောင်း၊ ဤတည်ကြည်မှု သမာဓိနှင့် လည်းကောင်း၊ ဤသမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် လည်းကောင်း ပြည့်စုံ၏၊ ကောင်းစွာ ပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ ရောက်၏၊ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "ဆန္ဒ ကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန် ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံ၏" ဟု ဆိုအပ်၏။

၄၃၄။ "တန်ခိုး" ဟူသည် ထိုတရားတို့၏ ပြည့်စုံခြင်းတည်း၊ ကောင်းစွာ ပြည့်စုံခြင်းတည်း၊ ပြည့်စုံသော အခြင်းအရာတည်း၊ ကောင်းစွာ ပြည့်စုံသော အခြင်းအရာတည်း၊ ရခြင်းတည်း၊ အထပ်ထပ် ရခြင်းတည်း၊ ရောက်လာခြင်းတည်း၊ ကောင်းစွာ ရောက်လာခြင်းတည်း၊ ပေါင်းဆုံရခြင်းတည်း၊ မျက်မှောက်ပြုရခြင်းတည်း၊ လက်ရှိ ပြည့်စုံခြင်းတည်း။ "တန်ခိုးကြီးကြောင်း တရား" ဟူသည် ထိုဆန္ဒာဓိပတိတပ်သော ပုဂ္ဂိုလ်၏ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' တည်း။ "တန်ခိုးကြီးသော တရားကို ပွါးများ၏" ဟူသည် ထိုဆန္ဒစသော တရားတို့ကို မှီဝဲ၏၊ အားထုတ်၏၊ အကြိမ်များစွာ ပြု၏၊ ထို့ကြောင့် "တန်ခိုးကြီးကြောင်း တရားကို ပွါးများ၏" ဟု ဆိုအပ်၏။

## (၂) ဝီရိယိဒ္ဓိပါဒ်

၄၃၅။ အဘယ်သို့လျှင် ရဟန်းသည် ဝီရိယကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်' ကို ပွါးများသနည်း။

ရဟန်းသည် အားထုတ်မှု ဝီရိယကို အကြီးအမှူးပြု၍ တည်ကြည်မှု သမာဓိကို အကယ်၍ ရအံ့၊ စိတ်၏ တစ်ခုတည်းသော အာရုံရှိသည်၏ အဖြစ်ကို အကယ်၍ ရအံ့၊ ဤသဘောကို ဝီရိယကြီးမှူးသော တည်ကြည်မှု သမာဓိဟု ဆိုအပ်၏။

(၁) ထိုရဟန်းသည် မဖြစ်သေးသော အကုသိုလ်အယုတ် တရားတို့ကို မဖြစ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏။

(၂) ဖြစ်ပြီးသော အကုသိုလ် အယုတ်တရားတို့ကို ပယ်ရန်။ပ။

(၃) မဖြစ်ဖူးသေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန်။ပ။

(၄) ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်တံ့ရန် မပျောက်ပျက်ရန် များစွာဖြစ်ပွါးရန် ပြန့်ပြောရန် တိုးပွါးရန်၊ ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကိုမြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏၊ ဤသဘောတရားတို့ကို သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယဟု ဆိုအပ်ကုန်၏။ ဤသို့ ဤဝီရိယကြီးမှူးသော သမာဓိကို လည်းကောင်း၊ ဤသမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယတို့ကို လည်းကောင်း တစ်ပေါင်းတည်းပေါင်း၍ အကျဉ်းချုံး၍ ဝီရိယကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

၄၃၆။ ထိုတရားတို့တွင် အဘယ်သည် အားထုတ်မှု 'ဝီရိယ' မည်သနည်း။

အကြင် စိတ်၌ဖြစ်သော အားထုတ်မှု 'ဝီရိယာရမ္ဘ' ။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' သည် ရှိ၏၊ ဤသဘောကို အားထုတ်မှု ဝီရိယဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် တည်ကြည်မှု 'သမာဓိ' မည်သနည်း။

အကြင် စိတ်၏ (အာရုံ၌) တည်နေမှု 'ဌိတိ'၊ ကောင်းစွာ တည်နေမှု 'သဏ္ဌိတိ'၊ သက်ဝင်၍ တည်နေမှု 'အဝဋ္ဌိတိ'၊ မရွေ့ရှားမှု 'အဝိသာဟာရ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ'၊ မရွေ့ရှားသော စိတ်ရှိသည်၏ အဖြစ် 'အဝိသာဟဋ မာနသတာ'၊ ငြိမ်သက်မှု 'သမထ'၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'၊ မတုန်

မလျော့ပ် တည်ကြည်မှု 'သမာဓိဗိုလ်'၊ မဖေါက်မပြန် ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' သည် ရှိ၏၊ ဤသဘောကို တည်ကြည်မှု 'သမာဓိ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယ မည်သနည်း။

အကြင် စိတ်၌ ဖြစ်သော အားထုတ်မှု 'ဝီရိယာရမ္ဘ' ။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' သည် ရှိ၏၊ ဤသဘောကို သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယဟု ဆိုအပ်၏။ ဤသို့ ဤအားထုတ်မှု 'ဝီရိယ' နှင့်လည်းကောင်း၊ ဤတည်ကြည်မှု 'သမာဓိ' နှင့်လည်းကောင်း၊ ဤသမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် လည်းကောင်း ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "ဝီရိယကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံ၏" ဟု ဆိုအပ်၏။

၄၃၇။ "တန်ခိုး" ဟူသည် ထိုတရားတို့၏ ပြည့်စုံခြင်းတည်း၊ ကောင်းစွာ ပြည့်စုံခြင်းတည်း၊ ပြည့်စုံသော အခြင်းအရာတည်း၊ ကောင်းစွာ ပြည့်စုံသော အခြင်းအရာတည်း၊ ရခြင်းတည်း၊ အထပ်ထပ် ရခြင်းတည်း၊ ရောက်လာခြင်းတည်း၊ ကောင်းစွာ ရောက်လာခြင်းတည်း၊ ပေါင်းဆုံရခြင်းတည်း၊ မျက်မှောက် ပြုရခြင်းတည်း၊ လက်ရှိ ပြည့်စုံခြင်းတည်း။ "တန်ခိုးကြီးကြောင်းတရား" ဟူသည် ထိုဝီရိယာဓိပတိတပ်သော ပုဂ္ဂိုလ်၏ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ' မှတ်သားမှု အစု။ပ။ သိမှု အစု 'ဝိညာဏက္ခန္ဓာ' တည်း။ "တန်ခိုးကြီးကြောင်းတရားကို ပွါးများ၏" ဟူသည် ထိုဝီရိယစသော တရားတို့ကို မှီဝဲ၏၊ အားထုတ်၏၊ အကြိမ်များစွာ ပြု၏၊ ထို့ကြောင့် "တန်ခိုးကြီးကြောင်းတရားကို ပွါးများ၏"ဟု ဆိုအပ်၏။

## (၃) စိတ္တိဒ္ဓိပါဒ်

၄၃၈။ အဘယ်လျှင် ရဟန်းသည် စိတ်ကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်' ကို ပွါးများသနည်း။

ရဟန်းသည် စိတ်ကို အကြီးအမှူးပြု၍ တည်ကြည်မှု သမာဓိကို အကယ်၍ ရအံ့၊ စိတ်၏ တစ်ခုတည်းသော အာရုံရှိသည်၏ အဖြစ်ကို အကယ်၍ ရအံ့၊ ဤသဘောကို စိတ်ကြီးမှူးသော တည်ကြည်မှု 'သမာဓိ' ဟု ဆိုအပ်၏။

(၁) ထိုရဟန်းသည် မဖြစ်သေးသော အကုသိုလ် အယုတ်တရားတို့ကို မဖြစ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏။

(၂) ဖြစ်ပြီးသော အကုသိုလ် အယုတ်တရားတို့ကို ပယ်ရန်။ပ။

(၃) မဖြစ်ဖူးသေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန်။ပ။

(၄) ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်တံ့ရန် မပျောက်ပျက်ရန် များစွာဖြစ်ပွါးရန် ပြန့်ပြောရန် တိုးပွါးရန် ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏၊ ဤတရားတို့ကို သမ္မပ္ပဓာန်ကိစ္စ တပ်သော ဝီရိယဟု ဆိုအပ်ကုန်၏။ ဤသို့ ဤစိတ်ကြီးမှူးသော တည်ကြည်မှု သမာဓိကို လည်းကောင်း၊ ဤသမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယတို့ကို လည်းကောင်း တစ်ပေါင်းတည်းပေါင်း၍ အကျဉ်းချုံး၍ စိတ်ကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယဟူ၍ သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

၄၃၉။ ထိုတွင် အဘယ်သည် စိတ် မည်သနည်း။

အကြင် ဆန်းကြယ်မှု 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ် အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် တည်ကြည်မှု 'သမာဓိ' မည်သနည်း။

အကြင် စိတ်၏ (အာရုံ၌) တည်နေမှု 'ဌိတိ'၊ ကောင်းစွာတည်နေမှု 'သဏ္ဌိတိ'။ပ။ မဖောက်မပြန် ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' သည် ရှိ၏၊ ဤသဘောကို တည်ကြည်မှု 'သမာဓိ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယ မည်သနည်း။

အကြင် စိတ်၌ဖြစ်သော အားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' သည် ရှိ၏၊ ဤသဘောကို သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယဟု ဆိုအပ်၏။ ဤသို့ ဤစိတ်နှင့် လည်းကောင်း၊ ဤ 'သမာဓိ' နှင့်လည်းကောင်း၊ ဤဝီရိယနှင့် လည်းကောင်း ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "စိတ်ကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံ၏" ဟု ဆိုအပ်၏။

၄၄၀။ "တန်ခိုး" ဟူသည် ထိုတရားတို့၏ ပြည့်စုံခြင်းတည်း၊ ကောင်းစွာ ပြည့်စုံခြင်းတည်း၊ ပြည့်စုံသော အခြင်းအရာတည်း၊ ကောင်းစွာ ပြည့်စုံသော အခြင်းအရာတည်း၊ ရခြင်းတည်း၊ အထပ်ထပ်ရခြင်းတည်း၊ ရောက်လာခြင်းတည်း၊ ကောင်းစွာ ရောက်လာခြင်းတည်း၊ ပေါင်းဆုံရခြင်းတည်း၊ မျက်မှောက်ပြုရခြင်းတည်း၊ လက်ရှိ ပြည့်စုံခြင်းတည်း။ "တန်ခိုးကြီးကြောင်းတရား" ဟူသည် ထိုစိတ္တာဓိပတိတပ်သော ပုဂ္ဂိုလ်၏ ခံစားမှုအစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု။ပ။ သိမှု အစု 'ဝိညာဏက္ခန္ဓာ' တည်း။ "တန်ခိုးကြီးကြောင်းတရားကို ပွါးများ၏" ဟူသည် ထိုစိတ်စသော တရားတို့ကို မှီဝဲ၏၊ အားထုတ်၏၊ အကြိမ်များစွာ ပြု၏၊ ထို့ကြောင့် "တန်ခိုးကြီးကြောင်းတရားကို ပွါးများ၏" ဟု ဆိုအပ်၏။

## (၄) ဝီမံသိဒ္ဓိပါဒ်

၄၄၁။ အဘယ်သို့လျှင် ရဟန်းသည် ပညာကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်' ကို ပွါးများသနည်း။

ရဟန်းသည် ပညာကို အကြီးအမှူးပြု၍ တည်ကြည်မှု သမာဓိကို အကယ်၍ ရအံ့၊ စိတ်၏ တစ်ခုတည်းသော အာရုံ ရှိသည်၏ အဖြစ်ကို အကယ်၍ ရအံ့၊ ဤသဘောကို ပညာကြီးမှူးသော တည်ကြည်မှု သမာဓိဟု ဆိုအပ်၏။

(၁) ထိုရဟန်းသည် မဖြစ်သေးသော အကုသိုလ် အယုတ်တရားတို့ကို မဖြစ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏။

(၂) ဖြစ်ပြီးသော အကုသိုလ် အယုတ်တရားတို့ကို ပယ်ရန်။ပ။

(၃) မဖြစ်ဖူးသေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန်။ပ။

(၄) ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်တံ့ရန် မပျောက်ပျက်ရန် များစွာဖြစ်ပွါးရန် ပြန့်ပြောရန်တိုးပွါးရန် ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏၊ ဤတရားတို့ကို သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယဟု ဆိုအပ်ကုန်၏။ ဤသို့ ဤပညာကြီးမှူးသော သမာဓိကို လည်းကောင်း၊ ဤသမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယတို့ကို လည်းကောင်း၊ တစ်ပေါင်းတည်းပေါင်း၍ အကျဉ်းချုံး၍ ပညာကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယ ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်၏။

၄၄၂။ ထိုတွင် အဘယ်သည် စူးစမ်းမှု 'ပညာ' မည်သနည်း။

အကြင် အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသော အခြင်းအရာ 'ပဇာနနာ' သည်။ပ။

မတွေဝေမှု 'အမောဟ'၊ တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာ မြင်မှု 'သမ္မာဒိဋ္ဌိ' သည် ရှိ၏။ ဤသဘောကို စူးစမ်းမှု 'ပညာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် တည်ကြည်မှု 'သမာဓိ' မည်သနည်း။

အကြင် စိတ်၏ (အာရုံ၌) တည်နေမှု 'ဌိတိ' ကောင်းစွာ တည်နေမှု 'သဏ္ဌိတိ'။ပ။ မဖောက်မပြန် ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ' သည် ရှိ၏၊ ဤသဘောကို တည်ကြည်မှု သမာဓိဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် သမ္ပပ္ပဓာန်ကိစ္စတပ်သော ဝီရိယ မည်သနည်း။

အကြင် စိတ်၌ဖြစ်သော အားထုတ်မှု 'ဝီရိယာရမ္ဘ' ။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' သည် ရှိ၏၊ ဤသဘောကို သမ္ပပ္ပဓာန်ကိစ္စတပ်သော ဝီရိယဟု ဆိုအပ်၏။

ဤသို့ ဤစူးစမ်းမှု ပညာနှင့် လည်းကောင်း၊ ဤတည်ကြည်မှု 'သမာဓိ' နှင့် လည်းကောင်း၊ ဤသမ္ပပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် လည်းကောင်း ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "ပညာကြီးမျှသော သမာဓိ, သမ္ပပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံ၏" ဟု ဆိုအပ်၏။

၄၄၃။ "တန်ခိုး" ဟူသည် ထိုတရားတို့၏ ပြည့်စုံခြင်းတည်း၊ ကောင်းစွာ ပြည့်စုံခြင်းတည်း၊ ပြည့်စုံသော အခြင်းအရာတည်း၊ ကောင်းစွာ ပြည့်စုံသော အခြင်းအရာတည်း၊ ရခြင်းတည်း၊ အထပ်ထပ် ရခြင်းတည်း၊ ရောက်လာခြင်းတည်း၊ ကောင်းစွာ ရောက်လာခြင်းတည်း၊ ပေါင်းဆုံရခြင်းတည်း၊ မျက်မှောက် ပြုရခြင်းတည်း၊ လက်ရှိပြည့်စုံခြင်းတည်း။ "တန်ခိုးကြီးကြောင်းတရား" ဟူသည် ထိုပညာဓိပတိတပ်သော ပုဂ္ဂိုလ်၏ ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ' မှတ်သားမှု အစု။ပ။ သိမှု အစု 'ဝိညာဏက္ခန္ဓာ' တည်း။ "တန်ခိုးကြီးကြောင်းတရားကို ပွါးများ၏" ဟူသည် ထိုပညာစသော တရားတို့ကို မှီဝဲ၏၊ အားထုတ်၏၊ အကြိမ်များစွာ ပြု၏။ ထို့ကြောင့် "တန်ခိုးကြီးကြောင်းတရားကို ပွါးများ၏" ဟု ဆိုအပ်၏။

**သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသော သုတ္တန္တဘာဇနီယနည်းပြီး၏။**

------

# ဣန္ဒြိယဝိဘင်္ဂ

## ၂ - အဘိဓမ္မဘာဇနီယနည်း

## (အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ဟောကြားသောနည်း)

## ဣဒ္ဓိပါဒ်လေးပါးအကျဉ်း

## (တန်ခိုးကြီးကြောင်းတရားလေးပါး)

၄၄၄။ တန်ခိုးကြီးကြောင်း တရားလေးပါးတို့ကား-

(၁) ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော တန်ခိုးကြီးကြောင်း ဣဒ္ဓိပါဒ်ကို ပွါးများ၏။

(၂) ဝီရိယကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော တန်ခိုးကြီးကြောင်း ဣဒ္ဓိပါဒ်ကို ပွါးများ၏။

(၃) စိတ်ကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော တန်ခိုးကြီးကြောင်း ဣဒ္ဓိပါဒ်ကို ပွါးများ၏။

(၄) ပညာကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော တန်ခိုးကြီးကြောင်း ဣဒ္ဓိပါဒ်ကို ပွါးများ၏။

------

# ဣဒ္ဓိပါဒဝိဘင်္ဂ

## ဣဒ္ဓိပါဒ်လေးပါးအကျယ်

### (၁) ဆန္ဒိဒ္ဓိပါဒ်

၄၄၅။ အဘယ်သို့လျှင် ရဟန်းသည် ဆန္ဒကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်' ကို ပွါးများသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန် ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ် ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ ဆန္ဒကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်' ကို ပွါးများ၏။

၄၄၆။ ထိုတရားတို့တွင် အဘယ်သည် ဆန္ဒ မည်သနည်း။

အကြင် လိုလားမှု 'ဆန္ဒ'၊ လိုလားသည်၏ အဖြစ် 'ဆန္ဒိကတာ' ပြုလိုသည်၏ အဖြစ် 'ကတ္တုကမျတာ' ကုသိုလ်တရားတို့ကို လိုလားမှု 'ကုသလဓမ္မစ္ဆန္ဒ' သည် ရှိ၏။ ဤသဘောကို ဆန္ဒဟု ဆိုအပ်၏။

ထိုတရားတို့တွင် အဘယ်သည် တည်ကြည်မှု 'သမာဓိ' မည်သနည်း။

အကြင်စိတ်၏ (အာရုံ၌) တည်နေမှု 'ဌိတိ'၊ ကောင်းစွာ တည်နေမှု 'သဏ္ဌိတိ'။ပ။ မဖောက်မပြန် ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်' သည် ရှိ၏၊ ဤသဘောကို သမာဓိဟု ဆိုအပ်၏။

ထိုတရားတို့တွင် အဘယ်သည် သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယ မည်သနည်း။

အကြင် စိတ်၌ ဖြစ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယဟု ဆိုအပ်၏။ ဤသို့ ဤဆန္ဒနှင့်လည်းကောင်း၊ ဤသမာဓိနှင့် လည်းကောင်း၊ ဤဝီရိယနှင့် လည်းကောင်း ပြည့်စုံ၏။ ၊ ကောင်းစွာ ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "ဆန္ဒကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံ၏" ဟု ဆိုအပ်၏။

၄၄၇။ "တန်ခိုး" ဟူသည် ထိုတရားတို့၏ ပြည့်စုံခြင်းတည်း၊ ကောင်းစွာ ပြည့်စုံခြင်းတည်း၊ ပြည့်စုံသော အခြင်းအရာတည်း၊ ကောင်းစွာ ပြည့်စုံသော အခြင်းအရာတည်း၊ ရခြင်းတည်း၊ အထပ်ထပ်ရခြင်းတည်း၊ ရောက်လာခြင်းတည်း၊ ကောင်းစွာ ရောက်လာခြင်းတည်း၊ ပေါင်းဆုံရခြင်းတည်း၊ မျက်မှောက်ပြုရခြင်းတည်း၊ လက်ရှိ ပြည့်စုံခြင်းတည်း။ "တန်ခိုးကြီးကြောင်းတရား" ဟူသည် ထိုအခြင်းအရာအားဖြင့် ဖြစ်သော တရား၏ တွေ့ထိမှု 'ဖဿ'။ပ။ မြောက်ပင့်မှု 'ပဂ္ဂဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ' တည်း။ "တန်ခိုးကြီးသော တရားကို ပွါးများ၏" ဟူသည် ထိုဆန္ဒစသော တရားတို့ကို မှီဝဲ၏၊ အားထုတ်၏၊ အကြိမ်များစွာ ပြု၏၊ ထို့ကြောင့် "တန်ခိုးကြီးကြောင်းတရားကို ပွါးများ၏" ဟု ဆိုအပ်၏။

## (၂) ဝီရိယိဒ္ဓိပါဒ်

၄၄၈။ အဘယ်လျှင် ရဟန်းသည် ဝီရိယကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်' ကို ပွါးများသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန် ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော လောကုတ္တရာဈာန်ကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ ဝီရိယကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်' ကို ပွါးများ၏။

၄၄၉။ ထိုတရားတို့တွင် အဘယ်သည် အားထုတ်မှု 'ဝီရိယ' မည်သနည်း။

အကြင် စိတ်၌ဖြစ်သော အားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို အားထုတ်မှု 'ဝီရိယ' ဟု ဆိုအပ်၏။

ထိုတရားတို့တွင် အဘယ်သည် တည်ကြည်မှု 'သမာဓိ' မည်သနည်း။

အကြင် စိတ်၏ (အာရုံ၌) တည်နေမှု 'ဌိတိ'၊ ကောင်းစွာ တည်နေမှု 'သဏ္ဌိတိ'။ပ။ မဖောက်မပြန် ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်' သည် ရှိ၏၊ ဤသဘောကို တည်ကြည်မှု 'သမာဓိ' ဟု ဆိုအပ်၏။

ထိုတရားတို့တွင် အဘယ်သည် သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယ မည်သနည်း။

အကြင် စိတ်၌ဖြစ်သော အားထုတ်မှု 'ဝီရိယာရ မ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယဟု ဆိုအပ်၏။ ဤသို့ ဤဝီရိယနှင့် လည်းကောင်း၊ ဤသမာဓိနှင့် လည်းကောင်း၊ ဤသမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် လည်းကောင်း ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "ဝီရိယကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံ၏" ဟု ဆိုအပ်၏။

၄၅၀။ "တန်ခိုး" ဟူသည် ထိုတရားတို့၏ ပြည့်စုံခြင်းတည်း၊ ကောင်းစွာ ပြည့်စုံခြင်းတည်း၊ ပြည့်စုံသော အခြင်းအရာတည်း၊ ကောင်းစွာ ပြည့်စုံသော အခြင်းအရာတည်း၊ ရခြင်းတည်း၊ အထပ်ထပ် ရခြင်းတည်း၊ ရောက်လာခြင်းတည်း၊ ကောင်းစွာ ရောက်လာခြင်းတည်း၊ ပေါင်းဆုံရခြင်းတည်း၊ မျက်မှောက် ပြုရခြင်းတည်း၊ လက်ရှိ ပြည့်စုံခြင်းတည်း။ 'တန်ခိုးကြီးကြောင်းတရား' ဟူသည် ထိုအခြင်းအရာအားဖြင့် ဖြစ်သောတရား၏ တွေ့ထိမှု 'ဖဿ' ။ပ။

မြှောက်ပင့်မှု 'ပဂ္ဂဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ' တည်း။ "တန်ခိုးကြီးကြောင်းတရားကို ပွါးများ၏" ဟူသည် ထိုဝီရိယစသော တရားတို့ကို မှီဝဲ၏၊ အားထုတ်၏၊ အကြိမ်များစွာ ပြု၏၊ ထို့ကြောင့် "တန်ခိုးကြီးကြောင်းတရားကို ပွါးများ၏" ဟု ဆိုအပ်၏။

## (၃) စိတ္တိဒ္ဓိပါဒ်

၄၅၁။ အဘယ်သို့လျှင် ရဟန်းသည် စိတ်ကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်' ကို ပွါးများသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန် ပဌမဘုံ (သောတာပန် အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ် ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ စိတ်ကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်' ကို ပွါးများ၏။

၄၅၂။ ထိုတွင် အဘယ်သည် စိတ် မည်သနည်း။

အကြင် ဆန်းကြယ်မှု 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ် အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် တည်ကြည်မှု 'သမာဓိ' မည်သနည်း။

အကြင် စိတ်၏ (အာရုံ၌) တည်နေမှု 'ဌိတိ'၊ ကောင်းစွာ တည်နေမှု 'သဏ္ဌိတိ'။ပ။ မဖောက်မပြန် ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်' သည် ရှိ၏၊ ဤသဘောကို တည်ကြည်မှု 'သမာဓိ' ဟု ဆိုအပ်၏။

ထို့တွင် အဘယ်သည် သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယ မည်သနည်း။

အကြင် စိတ်၌ဖြစ်သော အားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အားထုတ်မှု 'ဝီရိယ သမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယဟု ဆိုအပ်၏။ ဤသို့ ဤစိတ်နှင့် လည်းကောင်း၊ ဤသမာဓိနှင့် လည်းကောင်း၊ ဤဝီရိယနှင့် လည်းကောင်း ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ရောက်၏။ ထို့ကြောင့် "စိတ်ကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံ၏" ဟု ဆိုအပ်၏။

၄၅၃။ "တန်ခိုး" ဟူသည် ထိုတရားတို့၏ ပြည့်စုံခြင်းတည်း၊ ကောင်းစွာ ပြည့်စုံခြင်းတည်း၊ ပြည့်စုံသော အခြင်းအရာတည်း၊ ကောင်းစွာ ပြည့်စုံသော အခြင်းအရာတည်း၊ ရခြင်းတည်း၊ အထပ်ထပ်ရခြင်းတည်း၊ ရောက်လာခြင်းတည်း၊ ကောင်းစွာ ရောက်လာခြင်းတည်း၊ ပေါင်းဆုံရခြင်းတည်း၊ မျက်မှောက်ပြုရခြင်းတည်း၊ လက်ရှိ ပြည့်စုံခြင်းတည်း။ "တန်ခိုးကြီးကြောင်းတရား" ဟူသည် ထိုအခြင်းအရာအားဖြင့် ဖြစ်သော တရား၏ တွေ့ထိမှု 'ဖဿ'။ပ။ မြှောက်ပင့်မှု 'ပဂ္ဂဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ' တည်း။ "တန်ခိုးကြီးကြောင်း တရားကို ပွါးများ၏" ဟူသည် ထိုတရားတို့ကို မှီဝဲ၏၊ အားထုတ်၏၊ အကြိမ်များစွာ ပြု၏၊ ထို့ကြောင့် "တန်ခိုးကြီးကြောင်းတရားကို ပွါးများ၏" ဟု ဆိုအပ်၏။

## (၄) ဝီမံသိဒ္ဓိပါဒ်

၄၅၄။ အဘယ်သို့လျှင် ရဟန်းသည် ပညာကြီးမျှသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်' ကို ပွါးများသနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ် ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ ပညာကြီးမျှသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်' ကို ပွါးများ၏။

၄၅၅။ ထိုတွင် အဘယ်သည် စူးစမ်းဆင်ခြင်မှု 'ပညာ' မည်သနည်း။

အကြင် အပြားအားဖြင့် သိမှု 'ပညာ'၊ အပြားအားဖြင့် သိသော အခြင်းအရာ 'ပဇာနနာ'။ပ။

မတွေဝေမှု 'အမောဟ'၊ တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော ပညာဟူသော 'ဓမ္မဝိစယ သမ္ဗောဇ္ဈင်' သည် ရှိ၏၊ ဤသဘောကို စူးစမ်းဆင်ခြင်မှု 'ပညာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် သမာဓိ မည်သနည်း။

အကြင် စိတ်၏ (အာရုံ၌) တည်နေမှု 'ဌိတိ'၊ ကောင်းစွာ တည်နေမှု 'သဏ္ဌိတိ'။ပ။ မဖောက်မပြန် ကောင်းစွာ တည်ကြည်မှု 'သမ္မာသမာဓိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်' ည် ရှိ၏၊ ဤသဘောကို တည်ကြည်မှု 'သမာဓိ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယ မည်သနည်း။

အကြင် စိတ်၌ဖြစ်သော အားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အားထုတ်မှု 'ဝီရိယ သမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယဟု ဆိုအပ်၏။ ဤသို့ ဤပညာနှင့် လည်းကောင်း၊ ဤသမာဓိနှင့် လည်းကောင်း၊ ဤဝီရိယနှင့် လည်းကောင်း ပြည့်စုံ၏။ ကောင်းစွာ ပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ ရောက်၏၊ ထို့ကြောင့် "ပညာကြီးမျှသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံ၏" ဟု ဆိုအပ်၏။

၄၅၆။ "တန်ခိုး" ဟူသည် ထိုတရားတို့၏ ပြည့်စုံခြင်းတည်း၊ ကောင်းစွာ ပြည့်စုံခြင်းတည်း၊ ပြည့်စုံသော အခြင်းအရာတည်း၊ ကောင်းစွာ ပြည့်စုံသော အခြင်းအရာတည်း၊ ရခြင်းတည်း၊ အထပ်ထပ်ရခြင်းတည်း၊ ရောက်လာခြင်းတည်း၊ ကောင်းစွာ ရောက်လာခြင်းတည်း၊ ပေါင်းဆုံရခြင်းတည်း၊ မျက်မှောက်ပြုရခြင်းတည်း၊ လက်ရှိ ပြည့်စုံခြင်းတည်း။ "တန်ခိုးကြီးကြောင်းတရား" ဟူသည် ထိုအခြင်းအရာအားဖြင့် ဖြစ်သော တရား၏ တွေ့ထိမှု 'ဖဿ'။ပ။ မြှောက်ပင့်မှု 'ပဂ္ဂဟ'၊ မပျံ့လွင့်မှု 'အဝိက္ခေပ' တည်း။ "တန်ခိုးကြီးကြောင်း တရားကို ပွါးများ၏" ဟူသည် ထိုပညာစသော တရားတို့ကို မှီဝဲ၏၊ အားထုတ်၏၊ အကြိမ်များစွာ ပြု၏။ ထို့ကြောင့် "တန်ခိုးကြီးကြောင်းတရားကို ပွါးများ၏" ဟုဆိုအပ်၏။

# ဣန္ဒြိယပါဒဝိဘင်္ဂ

## တစ်နည်း ဣဒ္ဓိပါဒ်လေးပါး

၄၅၇။ တန်ခိုးကြီးကြောင်း တရားလေးပါးတို့ကား- ဆန္ဒကြီးမှူးသော ဣဒ္ဓိပါဒ်၊ ဝီရိယကြီးမှူးသော ဣဒ္ဓိပါဒ်၊ စိတ်ကြီးမှူးသော ဣဒ္ဓိပါဒ်၊ ပညာကြီးမှူးသော ဣဒ္ဓိပါဒ်တို့တည်း။

### (၁) ဆန္ဒိဒ္ဓိပါဒ်

၄၅၈။ ထိုတွင် အဘယ်သည် ဆန္ဒကြီးမှူးသော ဣဒ္ဓိပါဒ် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန် အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့် ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ အကြင် လိုလားမှု 'ဆန္ဒ'၊ လိုလားသည်၏ အဖြစ် 'ဆန္ဒိကတာ'၊ ပြုလိုသည်၏ အဖြစ် 'ကတ္တုကမျတာ'၊ ကုသိုလ်တရားတို့ကို လိုလားမှု 'ကုသလဓမ္မစ္ဆန္ဒ' သည် ရှိ၏။ ဤသဘောကို ဆန္ဒကြီးမှူးသော ဣဒ္ဓိပါဒ်ဟု ဆိုအပ်၏။

ဆန္ဒမှ ကြွင်းသော တရားတို့သည် ဆန္ဒိဒ္ဓိပါဒ်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

### (၂) ဝီရိယိဒ္ဓိပါဒ်

၄၅၉။ ထိုတွင် အဘယ်သည် ဝီရိယကြီးမှူးသော ဣဒ္ဓိပါဒ် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန် အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့် ရှိသော, နှံ့နှေးသော အသိဉာဏ် ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ အကြင် စိတ်၌ ဖြစ်သော အားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးကို သိကြောင်းဖြစ်သော အားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို ဝီရိယကြီးမှူးသော ဣဒ္ဓိပါဒ်ဟု ဆိုအပ်၏။

ဝီရိယမှကြွင်းသော တရားတို့သည် အားထုတ်မှုဟူသော ဝီရိယိဒ္ဓိပါဒ်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

### (၃) စိတ္တိဒ္ဓိပါဒ်

၄၆၀။ ထိုတွင် အဘယ်သည် စိတ်ကြီးမှူးသော ဣဒ္ဓိပါဒ် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန် အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့် ရှိသော နှံ့နှေးသော, အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ အကြင် ဆန်းကြယ်မှု 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ် အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ်ကြီးမှူးသော ဣဒ္ဓိပါဒ်ဟု ဆိုအပ်၏။

စိတ်မှ ကြွင်းသော တရားတို့သည် စိတ္တိဒ္ဓိပါဒ်နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

## (၄) ဝီမံသိဒ္ဓိပါဒ်

၄၆၁။ အဘယ်သည် ပညာကြီးမှုးသော ဣဒ္ဓိပါဒ် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန် အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့် ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ အကြင် အပြား အားဖြင့် သိမှု 'ပညာ'၊ သိသော အခြင်းအရာ 'ပဇာနနာ'။ပ။ မတွေဝေမှု 'အမောဟ'၊ တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယ'၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါး ကို သိကြောင်းဖြစ်သော တရားတို့ကို စိစစ်မှု 'ဓမ္မဝိစယသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို ပညာ ကြီးမှုးသော ဣဒ္ဓိပါဒ်ဟု ဆိုအပ်၏။

ပညာမှ ကြွင်းသော တရားတို့သည် ဝီမံသိဒ္ဓိပါဒ်နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

**အဘိဓမ္မာနည်းဖြင့် ဝေဖန်ဟောကြားသော အဘိဓမ္မဘာဇနီယနည်းပြီး၏။**

# ကထာဝတ္ထုပါဒဝိဘင်္ဂ

## ၃ - ပဉှာပုစ္ဆကနည်း

## (အမေးအဖြေပြု၍ ဟောကြားသောနည်း)

## ကထာဝတ္ထုပါဒ်လေးပါး

၄၆၂။ တန်ခိုးကြီးကြောင်းတရား 'ဣဒ္ဓိပါဒ်' လေးပါးတို့ကား- ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်' ကို ပွါးများ၏။ ဝီရိယကြီးမှူးသော သမာဓိ။ပ။

စိတ်ကြီးမှူးသော သမာဓိ။ပ။ ပညာကြီးမှူးသော သမာဓိ, သမ္မပ္ပဓာန်ကိစ္စတပ်သော ဝီရိယနှင့် ပြည့်စုံသော တန်ခိုးကြီးကြောင်း 'ဣဒ္ဓိပါဒ်' ကို ပွါးများ၏။

------

# ဣဒ္ဓိပါဒဝိဘင်္ဂ

## ဣဒ္ဓိပါဒ်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍

## အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

## တိက်-၂၂-ပါးတို့ဖြင့် ဝေဖန်၍အမေးပုစ္ဆာကို ပြခြင်း

### (၁) ကုသလတိက်အမေးပုစ္ဆာ

၄၆၃။ ဣဒ္ဓိပါဒ်လေးပါးတို့တွင် ကုသိုလ်တရားတို့သည် အဘယ်မျှတို့နည်း။ အကုသိုလ်တရားတို့သည် အဘယ်မျှတို့နည်း။ အဗျာကတတရားတို့သည် အဘယ်မျှတို့နည်း။ပ။

### (၁၀၀) သရဏဒုက်အမေးပုစ္ဆာ

ကိလေသာနှင့်တကွ ဖြစ်သော တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ ကိလေသာနှင့်တကွ မဖြစ်သော တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။

**မှတ်ချက်။** ။ ဝေဒနာတိက်မှစ၍ သနိဒဿနတိက်အထိ ၂၁-တိက်နှင့် ဟေတုဒုက်မှ သဉတ္တရ ဒုက်အထိ ၉၉-ဒုက်တို့ကို ပေယျာလဖော်၍ ဟောပါ။

# ကုသလတ္တိကပ်ဒဝိဘင်

## ကုသတ္တိပါဒ်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

## တိက် ၂၂-ပါးတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

**(၁) ကုသလတိက်အဖြေ**

၄၆၄။ (ကုသတ္တိပါဒ်လေးပါးတို့သည်) ကုသိုလ်တရားတို့သာလျှင်တည်း။

**(၂) ဝေဒနာတိက်အဖြေ**

(ကုသတ္တိပါဒ်လေးပါးတို့သည်) ရံခါ သုခဝေဒနာနှင့် ယှဉ်ကုန်၏၊ ရံခါ ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏။

**(၃) ဝိပါကတိက်အဖြေ**

(ကုသတ္တိပါဒ်လေးပါးတို့သည်) အကျိုးကို ဖြစ်စေခြင်းသဘော ရှိကုန်၏။

**(၄) ဥပါဒိန္နတိက်အဖြေ**

(ကုသတ္တိပါဒ်လေးပါးတို့သည်) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်၊ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်။

**(၅) သံကိလိဋ္ဌတိက်အဖြေ**

(ကုသတ္တိပါဒ်လေးပါးတို့သည်) ကိလေသာတို့သည် ပူပန်စေအပ်သည်လည်း မဟုတ်၊ ကိလေသာ၏ အာရုံလည်း မဟုတ်ကုန်။

**(၆) ဝိတက္ကတိက်အဖြေ**

(ကုသတ္တိပါဒ်လေးပါးတို့သည်) ရံခါ ဝိတက်လည်း ရှိ၊ ဝိစာရလည်း ရှိကုန်၏။ ရံခါ ဝိတက်ကား မရှိ၊ ဝိစာရမျှသာ ရှိကုန်၏။ ရံခါ ဝိတက်လည်း မရှိ၊ ဝိစာရလည်း မရှိကုန်။

**(၇) ပီတိတိက်အဖြေ**

(ကုသတ္တိပါဒ်လေးပါးတို့သည်) ရံခါ ပီတိနှင့်တကွ ဖြစ်ကုန်၏။ ရံခါ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ ရံခါ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏။

**(၈) ဒဿနတိက်အဖြေ**

(ကုသတ္တိပါဒ်လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သည်လည်း မဟုတ်၊ အထက်မဂ်သုံးခုဖြင့် ပယ်အပ်သည်လည်း မဟုတ်ကုန်။

**(၉) ဒဿနဟေတုတိက်အဖြေ**

(ကုသတ္တိပါဒ်လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်၊ အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်။

# ဣန္ဒြိယပါဒဝိဘင်္ဂ

## ဣန္ဒြိယပါဒ်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

## တိက် ၂၂-ပါးတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

**(၁၀) အာစယဂါမိတိက်အဖြေ**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ကုန်၏။

**(၁၁) သေက္ခတိက်အဖြေ**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏။

**(၁၂) ပရိတ္တတိက်အဖြေ**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ကိလေသာ၏ ဆန့်ကျင်ဘက် ဖြစ်ကုန်၏။

**(၁၃) ပရိတ္တာရမ္မဏတိက်အဖြေ**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) အပ္ပမာဏ (လောကုတ္တရာ) တရားကို အာရုံ ပြုကုန်၏။

**(၁၄) ဟီနတိက်အဖြေ**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) (အယုတ်, အလတ်, အမြတ်တို့တွင်) အမြတ် ဖြစ်ကုန်၏။

**(၁၅) မိစ္ဆတ္တတိက်အဖြေ**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲကုန်၏။

**(၁၆) မဂ္ဂါရမ္မဏတိက်အဖြေ**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) မဂ်ကို အာရုံမပြုမူ၍ မဂ်ဟု ဆိုအပ်သော အကြောင်း (ဟိတ်) ရှိကုန်၏၊ မဂ်ဟု ဆိုအပ်သော အဓိပတိပစ္စည်း မရှိကုန်။

**(၁၇) ဥပ္ပန္နတိက်အဖြေ**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) ရံခါ ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ကုန်၏။ ရံခါ ခဏသုံးပါးသို့ ရောက်ပြီးလည်း မဟုတ်၊ ရောက်ဆဲလည်း မဟုတ်ကုန်။ ဖြစ်ပြီးသော အကြောင်း တစ်စိတ်ရှိသည်၏ အဖြစ်ကြောင့် မချွတ်ဖြစ်လတ္တံ့သော တရားဟု မဆိုအပ်ကုန်။

**(၁၈) အတီတတိက်အဖြေ**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) ရံခါ ဖြစ်ပြီး 'အတိတ်' ဖြစ်ကုန်၏။ ရံခါ မရောက်သေး (ဖြစ်လတ္တံ့) 'အနာဂတ်' ဖြစ်ကုန်၏။ ရံခါ ဖြစ်ဆဲ 'ပစ္စုပ္ပန်' ဖြစ်ကုန်၏။

# ကုသတ္တိကပါဠိဝိဘင်္ဂ

## ကုသိုလ်ပါဒ်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

## တိက် ၂၂-ပါးတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

**(၁၉) အတီတာရမ္မဏတိက်အဖြေ (တိက်မုတ်)**

(ကုသိုလ်ပါဒ်လေးပါးတို့သည်) ဖြစ်ပြီး 'အတိတ်' ကို အာရုံ ပြုကုန်၏ဟူ၍ လည်းကောင်း၊ မရောက်သေး (ဖြစ်လတ္တံ့) 'အနာဂတ်' ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ ဖြစ်ဆဲ 'ပစ္စုပ္ပန်' ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

**(၂၀) အဇ္ဈတ္တတိက်အဖြေ**

(ကုသိုလ်ပါဒ်လေးပါးတို့သည်) ရံခါ အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်ကုန်၏။ ရံခါ အပ'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏။ ရံခါ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏။

**(၂၁) အဇ္ဈတ္တာရမ္မဏတိက်အဖြေ**

(ကုသိုလ်ပါဒ်လေးပါးတို့သည်) အပ 'ဗဟိဒ္ဓတရားနိဗ္ဗာန်' ကို အာရုံပြုကုန်၏။

**(၂၂) သနိဒဿနတိက်အဖြေ**

(ကုသိုလ်ပါဒ်လေးပါးတို့သည်) မြင်ခြင်းလည်း မရှိ၊ ထိပါးခြင်းလည်း မရှိကုန်။

------

# ဣန္ဒြိယပါဒဝိဘင်္ဂ

## ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

## ဟေတုဂေါစ္ဆကအဖြေဝိသဇ္ဇနာ

**(၁) ဟေတုဒုက်**

၄၆၅။ ပညာကြီးမှူးသော ဣန္ဒြိယပါဒ်သည် ဟိတ်မည်၏။ (ကြွင်း) ဣန္ဒြိယပါဒ်သုံးပါးတို့သည် ဟိတ် မမည်ကုန်။

**(၂) သဟေတုကဒုက်**

(ဣန္ဒြိယပါဒ်လေးပါးတို့သည်) ဟိတ်ရှိကုန်၏။

**(၃) ဟေတုသမ္ပယုတ္တဒုက်**

(ဣန္ဒြိယပါဒ်လေးပါးတို့သည်) ဟိတ်နှင့် ယှဉ်ကုန်၏။

**(၄) ဟေတုသဟေတုကဒုက်**

(ဣန္ဒြိယပါဒ်လေးပါးတို့တွင်) ပညာကြီးမှူးသော ဣန္ဒြိယပါဒ်သည် ဟိတ်လည်း မည်၊ ဟိတ်လည်း ရှိ၏။ (ကြွင်း) ဣန္ဒြိယပါဒ်သုံးပါးတို့ကို ဟိတ်လည်း မည်၊ ဟိတ်လည်း ရှိကုန်၏ဟု မဆိုအပ်ကုန်။ ၎င်းသုံးပါးတို့သည် ဟိတ်သာ ရှိ၍ ဟိတ် မမည်ကုန်။

**(၅) ဟေတုဟေတုသမ္ပယုတ္တဒုက်**

ပညာကြီးမှူးသော ဣန္ဒြိယပါဒ်သည် ဟိတ်လည်း မည်၊ ဟိတ်နှင့်လည်း ယှဉ်၏။ (ကြွင်း) ဣန္ဒြိယပါဒ် သုံးပါးတို့ကို ဟိတ်လည်း မည်၊ ဟိတ်နှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်။ ၎င်းသုံးပါးတို့သည် ဟိတ်နှင့်သာ ယှဉ်၍ ဟိတ် မမည်ကုန်။

**(၆) နဟေတုသဟေတုကဒုက်**

ဣန္ဒြိယပါဒ်သုံးပါးတို့သည် ဟိတ်မမည်မူ၍ ဟိတ်သာ ရှိကုန်၏၊ ပညာကြီးမှူးသော ဣန္ဒြိယပါဒ်ကို ဟိတ် မမည်မူ၍ ဟိတ်သာရှိ၏ဟူ၍ လည်းကောင်း၊ ဟိတ်လည်း မမည်, ဟိတ်လည်း မရှိဟူ၍ လည်းကောင်း မဆိုအပ် (ဒုက်မုတ်)။

# ဣန္ဒြိယပါဒဝိဘင်္ဂ

## ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

## စူဠန္တရဒုက်အဖြေဝိသဇ္ဇနာ

**(၇) သပ္ပစ္စယဒုက်**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) ကံ စိတ် ဥတု အာဟာရဟူသော အကြောင်း ရှိကုန်၏။

**(၈) သင်္ခတဒုက်**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) ကံ စိတ် ဥတု အာဟာရဟူသော အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်၏။

**(၉) သနိဒဿနဒုက်**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) မြင်အပ်သော သဘော မရှိကုန်။

**(၁၀) သပ္ပဋိဃဒုက်**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) ထိပါးတတ်သော သဘော မရှိကုန်။

**(၁၁) ရူပီဒုက်**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) နာမ်တရား ဖြစ်ကုန်၏။

**(၁၂) လောကိယာဒုက်**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) လောကမှ လွတ်မြောက်တတ် ကုန်၏။

**(၁၃) ကေနစိဝိညေယျဒုက်**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သဘောရှိကုန်၏။ တစ်စုံတစ်ခုသော စိတ်သည် မသိအပ်သော သဘောရှိကုန်၏။

# ဣက္ခဒ္ဓိပါဒဝိဘင်္ဂ

## ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

### အာသဝဂေါစ္ဆကအဖြေဝိသဇ္ဇနာ

**(၁၄) အာသဝဒုက်**

(ဣက္ခဒ္ဓိပါဒ်လေးပါးတို့သည်) အာသဝ မမည်ကုန်။

**(၁၅) သာသဝဒုက်**

(ဣက္ခဒ္ဓိပါဒ်လေးပါးတို့သည်) အာသဝ၏ အာရုံ မဖြစ်ကုန်။

**(၁၆) အာသဝသမ္ပယုတ္တဒုက်**

(ဣက္ခဒ္ဓိပါဒ်လေးပါးတို့သည်) အာသဝနှင့် မယှဉ်ကုန်။

**(၁၇) အာသဝသာသဝဒုက် (ဒုက်မုတ်)**

(ဣက္ခဒ္ဓိပါဒ်လေးပါးတို့ကို) အာသဝလည်း မည်, အာသဝ၏ အာရုံလည်း ဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊ အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

**(၁၈) အာသဝအာသဝသမ္ပယုတ္တဒုက် (ဒုက်မုတ်)**

(ဣက္ခဒ္ဓိပါဒ်လေးပါးတို့ကို) အာသဝလည်း မည်, အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

**(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်**

(ဣက္ခဒ္ဓိပါဒ်လေးပါးတို့သည်) အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဖြစ်ကုန်။

### သံယောဇနဂေါစ္ဆကအဖြေ

**(၂၀-၂၅) သံယောဇနဒုက်**

(ဣက္ခဒ္ဓိပါဒ်လေးပါးတို့သည်) သံယောဇဉ် မမည်ကုန်။ပ။

### ဂန္ထဂေါစ္ဆကအဖြေ

**(၂၆-၃၁) ဂန္ထဒုက်**

(ဣက္ခဒ္ဓိပါဒ်လေးပါးတို့သည်) ဂန္ထ မမည်ကုန်။ပ။

# ကင်္ခါဝိတရဏီပါဠိ

## ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

### ဩဃဂေါစ္ဆကအဖြေ

**(၃၂-၃၇) ဩဃဒုက်**

(ကင်္ခါဝိတရဏီဒါနီလေးပါးတို့သည်) ဩဃ မမည်ကုန်။ပ။

### ယောဂဂေါစ္ဆကအဖြေ

**(၃၈-၄၃) ယောဂဒုက်**

(ကင်္ခါဝိတရဏီဒါနီလေးပါးတို့သည်) ယောဂ မမည်ကုန်။ပ။

### နီဝရဏဂေါစ္ဆကအဖြေ

**(၄၄-၄၉) နီဝရဏဒုက်**

(ကင်္ခါဝိတရဏီဒါနီလေးပါးတို့သည်) နီဝရဏ မမည်ကုန်။ပ။

### ပရာမာသဂေါစ္ဆကအဖြေ

**(၅၀-၅၄) ပရာမာသဒုက်**

(ကင်္ခါဝိတရဏီဒါနီလေးပါးတို့သည်) ပရာမာသ မမည်ကုန်။ပ။

**မှတ်ချက်။** ။ သံယောဇနဂေါစ္ဆကမှစ၍ ပရာမာသဂေါစ္ဆကအထိ ပေယျာလများကို အာသဝ ဂေါစ္ဆကကဲ့သို့ ဖေါ်၍ ဟောရမည်။

# ဣန္ဒြိယပါဒဝိဘင်္ဂ

## ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

## မဟန္တရဒုက်အဖြေ

**(၅၅) သာရမ္မဏဒုက်**

(ဣန္ဒြိယပါဒ်လေးပါးတို့သည်) အာရုံပြုခြင်း ရှိကုန်၏။

**(၅၆) စိတ္တဒုက်**

ဣန္ဒြိယပါဒ်သုံးပါးတို့သည် စိတ် မမည်ကုန်။ စိတ္တိန္ဒြိယပါဒ်သည် စိတ်မည်၏။

**(၅၇) စေတသိကဒုက်**

ဣန္ဒြိယပါဒ်သုံးပါးတို့သည် စေတသိက် မည်ကုန်၏။ စိတ္တိန္ဒြိယပါဒ်သည် စေတသိက်မမည်။

**(၅၈) စိတ္တသမ္ပယုတ္တဒုက်**

ဣန္ဒြိယပါဒ်သုံးပါးတို့သည် စိတ်နှင့် ယှဉ်ကုန်၏။ စိတ္တိန္ဒြိယပါဒ်ကို စိတ်နှင့် ယှဉ်၏ဟူ၍ လည်းကောင်း၊ စိတ်နှင့် မယှဉ်ဟူ၍ လည်းကောင်း မဆိုအပ် (ဒုက်မုတ်)။

**(၅၉) စိတ္တသံသဋ္ဌဒုက်**

ဣန္ဒြိယပါဒ်သုံးပါးတို့သည် စိတ်နှင့် နှီးနှောကုန်၏။ စိတ္တိန္ဒြိယပါဒ်ကို စိတ်နှင့် နှီးနှော၏ဟူ၍ လည်းကောင်း၊ စိတ်နှင့် မနှီးနှောဟူ၍ လည်းကောင်း မဆိုအပ် (ဒုက်မုတ်)။

**(၆၀) စိတ္တသမုဋ္ဌာနဒုက်**

ဣန္ဒြိယပါဒ်သုံးပါးတို့သည် စိတ်ကြောင့် ဖြစ်ကုန်၏။ စိတ္တိန္ဒြိယပါဒ်သည် စိတ်ကြောင့် မဖြစ်။

**(၆၁) စိတ္တသဟဘုဒုက်**

ဣန္ဒြိယပါဒ်သုံးပါးတို့သည် စိတ်နှင့်တကွ ဖြစ်ကုန်၏။ စိတ္တိန္ဒြိယပါဒ်သည် စိတ်နှင့်တကွ မဖြစ်။

**(၆၂) စိတ္တာနုပရိဝတ္တိဒုက်**

ဣန္ဒြိယပါဒ်သုံးပါးတို့သည် စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်၏။ စိတ္တိန္ဒြိယပါဒ်သည် စိတ်သို့ အစဉ်လိုက်၍ မဖြစ်။

**(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်**

ဣန္ဒြိယပါဒ်သုံးပါးတို့သည် စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်ကုန်၏။ စိတ္တိန္ဒြိယပါဒ်သည် စိတ်နှင့်လည်း မနှီးနှော၊ စိတ်ကြောင့်လည်း မဖြစ်။

**(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်**

ဣန္ဒြိယပါဒ်သုံးပါးတို့သည် စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်နှင့်တကွ ဖြစ်ကုန်၏။ စိတ္တိန္ဒြိယပါဒ်သည် စိတ်နှင့်လည်း မနှီးနှော၊ စိတ်ကြောင့်လည်း မဖြစ်၊ စိတ်နှင့်လည်းတကွ မဖြစ်။

**(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနနုပရိဝတ္တိဒုက်**

ဣက္ကဒ္ဓိပါဒ်သုံးပါးတို့သည် စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်သို့လည်း အစဉ်လိုက်၍ ဖြစ်ကုန်၏။ စိတ္တိဒ္ဓိပါဒ်သည် စိတ်နှင့်လည်း မနှီးနှော၊ စိတ်ကြောင့်လည်း မဖြစ်၊ စိတ်သို့လည်း အစဉ်လိုက်၍ မဖြစ်။

**(၆၆) အဇ္ဈတ္တိကဒုက်**

ဣက္ကဒ္ဓိပါဒ်သုံးပါးတို့သည် အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏။ စိတ္တိဒ္ဓိပါဒ်သည် အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်၏။

**(၆၇) ဥပါဒါဒုက်**

(ဣက္ကဒ္ဓိပါဒ်လေးပါးတို့သည်) မဟာဘုတ်လေးပါးကို မှီ၍ မဖြစ်ကုန်။

**(၆၈) ဥပါဒိန္နဒုက်**

(ဣက္ကဒ္ဓိပါဒ်လေးပါးတို့သည်) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်။

## ဥပါဒါနဂေါစ္ဆကအဖြေ

**(၆၉-၇၄) ဥပါဒါနဒုက်**

(ဣက္ကဒ္ဓိပါဒ်လေးပါးတို့သည်) ဥပါဒါန် မမည်ကုန်။ပ။

## ကိလေသဂေါစ္ဆကအဖြေ

**(၇၅-၈၂) ကိလေသဒုက်**

ဣက္ကဒ္ဓိပါဒ်လေးပါးတို့သည်) ကိလေသာ မမည်ကုန်။ပ။

# ဣန္ဒြိယပါဒပိဘင်္ဂ

## ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေပိသဇ္ဇနာကိုပြခြင်း

## ပိဋ္ဌိဒုက်အဖြေ

**(၈၃) ဒဿနေနပဟာတဗ္ဗဒုက်**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

**(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် မပယ်အပ်ကုန်။

**(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ် မရှိကုန်။

**(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ် မရှိကုန်။

**(၈၇) သဝိတက္ကဒုက်**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) ရံခါ ဝိတက်ရှိကုန်၏။ ရံခါ ဝိတက် မရှိကုန်။

**(၈၈) သဝိစာရဒုက်**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) ရံခါ ဝိစာရရှိကုန်၏။ ရံခါ ဝိစာရ မရှိကုန်။

**(၈၉) သပ္ပီတိကဒုက်**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) ရံခါ ပီတိရှိကုန်၏။ ရံခါ ပီတိ မရှိကုန်။

**(၉၀) ပီတိသဟဂတဒုက်**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) ရံခါ ပီတိနှင့် တကွ ဖြစ်ကုန်၏။ ရံခါ ပီတိနှင့် တကွ မဖြစ်ကုန်။

**(၉၁) သုခသဟဂတဒုက်**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) ရံခါ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ ရံခါ သုခဝေဒနာနှင့်တကွ မဖြစ်ကုန်။

**(၉၂) ဥပေက္ခာသဟဂတဒုက်**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) ရံခါ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ ရံခါ ဥပေက္ခာဝေဒနာနှင့် တကွ မဖြစ်ကုန်။

**(၉၃) ကာမာဝစရဒုက်**

(ဣန္ဒြိပါဒ်လေးပါးတို့သည်) ကာမာဝစရ မမည်ကုန်။

**(၉၄) ရူပါဝစရဒုက်**

(ကုဒ္ဓိပါဒ်လေးပါးတို့သည်) ရူပါဝစရ မမည်ကုန်။

**(၉၅) အရူပါဝစရဒုက်**

(ကုဒ္ဓိပါဒ်လေးပါးတို့သည်) အရူပါဝစရ မမည်ကုန်။

**(၉၆) ပရိယာပန္နဒုက်**

(ကုဒ္ဓိပါဒ်လေးပါးတို့သည်) ဝဋ္ဋတရား၌ အကျုံးမဝင်ကုန်။

**(၉၇) နိယျာနိကဒုက်**

(ကုဒ္ဓိပါဒ်လေးပါးတို့သည်) ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။

**(၉၈) နိယတဒုက်**

(ကုဒ္ဓိပါဒ်လေးပါးတို့သည်) မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲကုန်၏။

**(၉၉) သဉတ္တရဒုက်**

(ကုဒ္ဓိပါဒ်လေးပါးတို့သည်) မိမိထက်လွန်မြတ်သော တရား မရှိကုန်။

**(၁၀၀) သရဏဒုက်**

(ကုဒ္ဓိပါဒ်လေးပါးတို့သည်) ငိုကြွေးကြောင်း ကိလေသာ မရှိကုန်။

**ကုဒ္ဓိပါဒ်လေးပါးတို့ကို တိက် ဒုက်တို့ဖြင့် အမေးအဖြေပြုလုပ်၍ ပြသော ပဉှာပုစ္ဆကနည်းပြီး၏။**

## ကုဒ္ဓိပါဒ်လေးပါးတို့ကို ဝေဖန်၍ ပြသော

## ကုဒ္ဓိပါဒဝိဘင်း ပြီးပြီ။